ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်

# လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး

## အကျဉ်းချုပ်

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကိုလိုနီခေတ် ၁၉၁၃ ခုနှစ်တွင် အလုပ်ရုံဆိုင်ရာအက်ဥပဒေဖြင့် စတင်မိတ်ဆက်ခဲ့ပြီး ၁၉၃၄ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်များတွင် ခေတ်နှင့်လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ခဲ့ပါသည်။ ၁၉၅၁ ခုနှစ်တွင် အလုပ်ရုံများအက်ဥပဒေကို မြန်မာဘာသာဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၁၉၃၄ ခုနှစ်အက် ဥပဒေအား ရုပ်သိမ်းခဲ့သော်လည်း ၁၉၃၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော နည်းဥပဒေအား ဆက်လက် ကျင့်သုံးကြောင်းသိရပါသည်။ ယင်းဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထပ်မံပြင်ဆင်ခဲ့ပါသည်။

ယခုအသစ်ပြဋ္ဌာန်းမည့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်းသည် အစိုးရဝန်ကြီးဌာနနှင့်ပုဂ္ဂလိကကဏ္ဍရှိအလုပ်ခွင်များတွင်ရှိသော အလုပ်သမားများအားလုံးအတွက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်စပ်လျဉ်း၍ပိုမိုပြည့်စုံပြီးကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာမည်ဖြစ်ပါသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရေးဆွဲခဲ့ကြောင်း သိရပါသည်။ ယင်းဥပဒေတွင် အခန်း (၁၇) ခန်း၊ ပုဒ်မ (၇၆)ခု ပါဝင်ပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအား ရေးဆွဲပြဋ္ဌာန်းပြီးနောက်တွင်ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရန် လိုအပ်ပါသည်။

ဤစာတမ်းတိုတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဥပဒေကြမ်း ဆွေးနွေးရာတွင် အထောက်အကူပြုနိုင်ရန် စင်ကာပူနိုင်ငံ၏ ၂၀၁၁ ခုနှစ်တွင် ပြင်ဆင်ခဲ့သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေနှင့် ဂျပန်နိုင်ငံ၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ခဲ့သော စက်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဥပဒေတို့အား သုံးသပ်ရေးသားတင်ပြထားပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | လုပ်ငန်းခွင် ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုနှင့် ကျန်းမာမှု၏နောက်ခံသမိုင်း | ၃ |
| ၃။ | ဆက်စပ်ဥပဒေများ | ၄ |
| ၄။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း | ၅ |
| ၅။ | နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက် | ၆ |
| ၆။ | အဖွဲ့အစည်းများ၏အကူအညီအထောက်အပံ့များ | ၉ |
| ၇။ | စင်ကာပူနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၀ |
| | (က) ဥပဒေရေးရာမူဘောင် | ၁၁ |
| | (ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ၏ရည်ရွယ်ချက် | ၁၁ |
| | (ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၏ပြင်ဆင်ချက် အကျဉ်းချုပ် | ၁၂ |
| | (ဃ) အလုပ်ရှင်များနှင့် အခြားသူများအတွက် သွယ်ဝိုက်သော ပြဋ္ဌာန်းချက်များ | ၁၄ |
| ၈။ | ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၆ |
| | (က) ဥပဒေပြင်ဆင်ရခြင်း၏ရည်ရွယ်ချက် | ၁၆ |
| | (ခ) ကျန်းမာမှုကော်မတီ | ၁၇ |
| | (ဂ) စိတ်ဖိစီးမှုစစ်ဆေးရေးစနစ် | ၁၇ |
| | (ဃ) အလုပ်ရှင်များ ဆောင်ရွက်ရမည့် အချက်များ | ၁၈ |
| | (င) စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အကဲဖြတ်တိုင်းတာမှု | ၁၉ |
| ၉။ | နိဂုံး | ၁၉ |

# လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး

## နိဒါန်း

၁။ စက်မှုလုပ်ငန်းများတိုးတက်များပြားလာသည်နှင့်အမျှ စက်မှုလုပ်ငန်းအသစ်များအနေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ပို၍သတိထားရန် လိုအပ်လာပါသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းများတွင် အလုပ်လုပ်နေသော အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်သက်သာချောင်ချိရေးတို့သည်ပို၍လိုအပ်လာပြီဖြစ်ပါသည်။ အထူးသဖြင့်ပုဂ္ဂလိက ကဏ္ဍစက်ရုံအသစ်များရှိလုပ်သားများအတွက် ၎င်းတို့၏အလုပ်ခွင်အတွင်း ဘေးအန္တရာယ်ကင်း ရှင်းရေးသည် အရေးကြီးလာကြောင်းသတိထားလာကြပါသည်။[1]

၂။ ဆောက်လုပ်ရေး လုပ်ငန်းခွင်၊ စက်ရုံအလုပ်ရုံများတွင် အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုသည် အလုပ်ရှင်များ၏ လုပ်ငန်းခွင်ဆိုင်ရာဥပဒေများကို တိကျစွာ လိုက်နာမှုအပေါ်တွင် မူတည်သကဲ့သို့ အလုပ်သမားများကလည်း လုပ်ငန်းခွင်အတွင်း ပေါ့လျော့မှု မရှိဘဲ၊ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အခွင့်အရေးများကို အလုပ်ရှင်များထံသို့ တောင်းဆိုရန် လိုအပ်ပါ သည်။[2]

## လုပ်ငန်းခွင် ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုနှင့် ကျန်းမာမှု၏နောက်ခံသမိုင်း

၃။ မြန်မာနိုင်ငံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်စပ်လျဉ်း၍ နောက်ခံသမိုင်းကြောင်းရှိခဲ့ပါသည်။ ကိုလိုနီခေတ်က ၁၉၁၃ ခုနှစ်တွင် အလုပ်ရုံဆိုင်ရာအက်ဥပဒေဖြင့် စတင်မိတ်ဆက်ခဲ့ပြီး ယင်းအက်ဥပဒေတွင် စက်ရုံအလုပ်သမားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးအတွက်အလုပ်လုပ်ချိန်နှင့်နားနေချိန်များသတ်မှတ်ထားပါ သည်။ အလုပ်ရုံဆိုင်ရာအက်ဥပဒေကို ၁၉၅၁ ခုနှစ်တွင်ခေတ်နှင့်လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် နည်းဥပဒေ ထုတ်ပြန်ခဲ့ပါသည်။

[1] Lokethar, August 17, 2015, Global New Light of Myanmar, available from: http://www.globalnewlightofmyanmar.com/occupational-safety-and-health-in-myanmar/ [accessed date 10 February 2017]
[2] Thithtoolwin , လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းမှု အလုပ်ရှင် အလုပ်သမား များ၏ ဥပဒေ လိုက်နာမှု အပေါ် မူတည် 3 June 2014 available from: http://www.thithtoolwin.com/2014/06/blog-post_3515.html/ [accessed date 12 February 2017]

၄။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ၁၉၃၄ ခုနှစ်အက်ဥပဒေအား ခေတ်နှင့်လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ခဲ့ပါသည်။ ၁၉၅၁ ခုနှစ်တွင် အလုပ်ရုံများ အက်ဥပဒေကို မြန်မာဘာသာဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၁၉၃၄ ခုနှစ်အက်ဥပဒေအား ရုပ်သိမ်းခဲ့သော်လည်း ၁၉၃၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော နည်းဥပဒေအား ဆက်လက်ကျင့်သုံးကြောင်း သိရပါသည်။ ယင်းဥပဒေကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထပ်မံပြင်ဆင်ခဲ့ပါသည်။

၅။ အလုပ်ရုံများအက်ဥပဒေ(၁၉၅၁)ခုနှစ်တွင် စက်ရုံဆိုင်ရာလုပ်ငန်းစဉ်များတွင် စက်ပစ္စည်းတပ်ဆင်ရာတွင်လည်းကောင်း၊ စက်ပစ္စည်းများအသုံးပြုရာတွင်လည်းကောင်း၊ လှေခါးနှင့်ဝန်တင်စက်များအသုံးပြုရာတွင်လည်းကောင်း၊ အန္တရာယ်ရှိသောပစ္စည်းများအသုံးပြုရာတွင်လည်းကောင်း၊ ဓာတ်ငွေ့နှင့်ပေါက်ကွဲစေတတ်သောလောင်စာဆီများအသုံးပြုရာတွင်လည်းကောင်း၊ မီးဖြင့်အသုံးပြုရသောလုပ်ငန်းများအစရှိသည်တို့တွင် လုပ်ငန်းခွင်ဘေးလုံခြုံစိတ်ချရရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အလုပ်ခွင်နေရာကျန်းမာမှုနှင့်ပတ်သက်၍ လေဝင်လေထွက်ကောင်းမွန်သောနေရာနှင့်အလင်းရောင်ရရှိသောအလုပ်နေရာများရရှိရန်၊ ဖုန်မှုန့်များနှင့်အန္တရာယ်ဖြစ်စေနိုင်သော အခိုးအငွေ့များဖယ်ရှားပစ်ရန်၊ လူပြည့်သိပ်ကြပ်နေသောနေရာများကိုရှောင်ကျဉ်ရန်၊ သောက်သုံးရေစိတ်ချရမှုရှိရန် ထောက်ပံ့ပေးရန်၊ အလုပ်သမားများအတွက် လုံလောက်သော သန့်စင်ခန်းများစီစဉ်ပေးရန်နှင့် စက်ရုံမှစွန့်ပစ်ပစ္စည်းများ ဖယ်ရှားရှင်းလင်းပစ်ရန် တို့ကိုထည့်သွင်းပြဋ္ဌာန်းထားပါသည်။ အလုပ်သမားများ ထမင်းစားမည့်နေရာများကို ဆေးကြောသန့်စင်ခြင်းနှင့် ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများနှင့်သူနာပြုများထားရှိခြင်းတို့ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။[3]

## ဆက်စပ်ဥပဒေများ

၆။ အလုပ်သမားများ၏ခံစားခွင့်နှင့်ပတ်သက်၍ အခြားဥပဒေဖြစ်သော ရေနံမြေဥပဒေ(၁၉၅၁)တွင်လည်း ရေနံတွင်းအလုပ်သမားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးကိုထည့်သွင်း ပြဋ္ဌာန်းထားပါသည်။

---

[3] Ibid.

၇။ အလုပ်ရုံများအက်ဥပဒေ (၁၉၅၁ခုနှစ်)သည် အခြားသောဥပဒေများတွင်ပါဝင်သော စက်ရုံများ၊ အရောင်းဆိုင်အလုပ်သမားများ၏အခြားအခွင့်အရေးများနှင့်လည်း ဆက်စပ်နေပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏လက်အောက်ရှိ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေ စိစစ်ရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးနေသော ဥပဒေတစ်ခုဖြစ်ပါသည်။

၈။ အခြားသောအစိုးရအဖွဲ့အစည်းများဖြစ်သည့် စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သစ်တောနှင့်သယံဇာတဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနများ အပြင် ရန်ကုန်စည်ပင်သာယာရေးဌာနများ အစရှိသောဝန်ကြီးဌာနများလိုက်နာကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေများတွင်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကိစ္စရပ်များ ပါဝင်ပတ်သက်နေပါသည်။

၉။ ယခင်အစိုးရလက်ထက်က ထုတ်ပြန်ခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ဘွိုင်လာအက်ဥပဒေ၊ လျှပ်စစ်ဥပဒေတို့တွင်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များ ပါဝင်ခဲ့ပါသည်။[4]

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း

၁၀။ ယခင် ၁၉၅၁ ခုနှစ်တွင် အလုပ်ရုံများ အက်ဥပဒေတွင် အလုပ်ရုံများရှိ အလုပ်သမားများ အားလုံး၏ လုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံစိတ်ချရရေးနှင့် ကျန်းမာရေးအတွက် ယေဘုယျအားဖြင့်အကြုံးဝင်ပြီး[5] ယခုရေးဆွဲသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ "Myanmar Occupational Safety and Health Law (OSH)"သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ်လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြား သားပိုင်လုပ်ငန်းများ၊ ယင်းလုပ်ငန်းများ၏ လုပ်ငန်းခွဲများ၊ လုပ်ငန်းခွင်များအားလုံးရှိ အလုပ်သမားများ အားလုံးအတွက်အကြုံးဝင်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်

[4] Ibid.

[5] အလုပ်ရုံများ အက်ဥပဒေ, [accessed date 13 February 2017]

ပြည်သူ့အင်အား ဝန်ကြီးဌာနမှရေးဆွဲခဲ့ကြောင်း သိရပါသည်။[6] ယင်းဥပဒေတွင် အခန်း (၁၇)ခန်း၊ ပုဒ်မ (၇၆)ခု ပါဝင်ပါသည်။

၁၁။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံပါဝင်လာမည်ဖြစ်ပါသည်။ လုပ်ငန်းခွင် အခြေအနေ တိုးတက်ကောင်းမွန်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး တို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ညှိနှိုင်းရန် အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကောင်စီ ဖွဲ့စည်းပါလိမ့်မည်။ ဝန်ကြီးဌာနမှ သတ်မှတ်သော အလုပ်သမားဦးရေထက် မနည်းရှိသည့် လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက် တူညီသော အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်ဖြစ်ပါသည်။[7]

၁၂။ လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေအား ရေးဆွဲပြဋ္ဌာန်းပြီးနောက် တွင်ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေကိုဆက်လက် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်ပါသည်။[8]

## နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်

၁၃။ မြန်မာနိုင်ငံသည် အာဆီယံ ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဒေသအဆင့် ဆောင်ရွက်မှုကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အာဆီယံနိုင်ငံများ ပူးပေါင်း၍ MOU လက်မှတ်ရေးထိုးခဲ့ပါသည်။ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအနေဖြင့် အာဆီယံ

[6] Lokethar, August 17, 2015, Global New Light of Myanmar, available from: http://www.globalnewlightofmyanmar.com/occupational-safety-and-health-in-myanmar/ [accessed date 10 February 2017]

[7] လုပ်ငန်းခွင် ဘေးအန္တရယ်လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုဥပဒေကြမ်း, [accessed date 13 February 2017]

[8] Lokethar, August 17, 2015, Global New Light of Myanmar, available from: http://www.globalnewlightofmyanmar.com/occupational-safety-and-health-in-myanmar/ [accessed date 10 February 2017]

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကွန်ရက် ညှိနှိုင်းအစည်းအဝေးကို ၂၀၀၆ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါ သည်။[9]

၁၄။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါ သည်။

၁၅။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း စက်ရုံ၊ အလုပ်ရုံများတွင်အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၇၃ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး ဆိုင်ရာ ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှုအကြိမ် ၂၅၀ဆောင်ရွက်ခဲ့ပါသည်။

၁၆။ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်း၍ နှစ်အလိုက် သင်တန်းပေးနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **နှစ်** | **အကြိမ်အရေအတွက်** | **သင်တန်းသား** |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၂၅၅၁ | ၃၄၉၆၄ |
| ၂၀၁၂-၂၀၁၃ | ၇၈၁ | ၅၄၃၄ |
| ၂၀၁၃-၂၀၁၄ | ၂၅၇ | ၉၉၈၈ |
| ၂၀၁၄-၂၀၁၅ | ၄၇၅ | ၄၀၈၄၁ |
| ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ | ၁၈၇ | ၇၂၆၀ |
| **စုစုပေါင်း** | **၄၂၅၁** | **၉၈၄၈၇** |

[9] လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းမှု အလုပ်ရှင် အလုပ်သမား များ၏ ဥပဒေ လိုက်နာမှု အပေါ် မူတည် 3 June 2014 available from: http://www.thithtoolwin.com/2014/06/blog-post_3515.html/ [accessed date 13 February 2017]

၁၇။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့်ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး(၃)ရုံ<br>(ပြင်ပလူနာ ၆၈၇၅ ဦး၊ အတွင်းလူနာ ၆၇၈ ဦး) | ၇၅၅၃ ဦး |
| (ခ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း(၅၀)ခန်း<br>နှင့်လူမှုဖူလုံရေး ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၄၉၉၉၉ ဦး |
| (ဂ) | အလုပ်သမားဆေးရုံကြီး(၃)ရုံမှ ဆရာဝန်များ ကွင်းဆင်း<br>ဆေးကုသပေးမှု(၅)ကြိမ် | ၇၃၄ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ၊ ကွင်းဆင်း<br>ဆေးကုသမှု (၁၅၅) ကြိမ် | ၃၇၉၄ ဦး |
| (င) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေး<br>ကုသပေးမှု | ၅၀၃၃ ဦး [10] |

၁၈။ လုပ်ငန်းခွင်မတော်တဆဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| နှစ် | မတော်တဆမှု | | | စုစုပေါင်း |
|---|---|---|---|---|
| | သာမန် | ပြင်းထန် | သေဆုံး | |
| ၂၀၁၁-၂၀၁၂ | ၁၀ | ၃၇ | ၂၄ | ၇၁ |
| ၂၀၁၂-၂၀၁၃ | ၈ | ၂၀ | ၁၅ | ၄၃ |
| ၂၀၁၃-၂၀၁၄ | ၃ | ၂၁ | ၁၄ | ၃၈ |
| ၂၀၁၄-၂၀၁၅ | ၁၄ | ၃၇ | ၂၀ | ၇၁ |
| ၂၀၁၅-၂၀၁၆ | ၃၃ | ၇၄ | ၁၆ | ၁၂၃ |
| ၂၀၁၆-၂၀၁၇ (ဩဂုတ်လအထိ) | ၃၀ | ၃၆ | ၁၅ | ၈၁ [11] |

[10] မြန်မာ့အလင်း၊ ဇန်နဝါရီလအတွင်းအလုပ်သမားရေးရာဆောင်ရွက်ချက်များ၊ ၂၀-၂-၂၀၁၇ စာမျက်နှာ ၆[accessed date 13 February 2017]
[11] အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မတော်တဆထိခိုက်မှုလက်ခံရရှိခြင်းအခြေအနေ၊ Available from: http://www.mol.gov.mm/mm/departments/factoires-general-labour-laws-inspection-dept/accident/ [accessed date 16 February 2017]

၁၉။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်ပတ်သက်၍အောက်ပါစိန်ခေါ်မှုများနှင့်လည်းရင်ဆိုင်နေရပါသည်-

(က) အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကျွမ်းကျင်သူများမရှိခြင်း၊

(ခ) ဘတ်ဂျက် ကန့်သတ်ထားမှုရှိခြင်း၊

(ဂ) အေဂျင်စီများနှင့်ပိုင်ရှင်များအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်သော တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုများတွင် အားနည်းခြင်း၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေမှာ ခေတ်နှင့် လိုက်လျောညီထွေမှုမရှိခြင်း၊

(င) စက်ရုံများရှိ ဓာတ်ခွဲခန်းများသည် သန့်ရှင်းမှုအားနည်းခြင်းတို့ဖြစ်ပါ သည်။[12]

**အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များ**

၂၀။ ၂၀၀၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံသည် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုကွန်ယက် (ASEAN-OSHNET) လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပါသည်။ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရယ်လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုကွန်ယက်သည် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများစီစဉ်ပေးခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ စက်ရုံများမှလုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် လုပ်ငန်းရုံနှင့်အလုပ်သမားဥပဒေစိစစ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအတွက် လိုအပ်သော ကျွမ်းကျင်မှုများ ကူညီထောက်ပံ့ပေးပါသည်။

၂၁။ ထို့နည်းတူ ဖွံ့ဖြိုးမှုမိတ်ဖက်များကလည်း နည်းပညာအကူအညီပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် စက်မှုဆိုင်ရာလုပ်ငန်းများလုပ်ဆောင်နေသောဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစိစစ်ရေးဦးစီးဌာနမှတာဝန်ရှိသူများအား ကူညီထောက်ပံ့နေကြောင်း သိရပါသည်။[13]

[12] Available from: https://www.jisha.or.jp/international/training/pdf/(Myanmar)_Country_Report_-_OSH_policy_improvement.pdf[accessed date 13 February 2017]

[13] Lokethar, August 17, 2015, Global New Light of Myanmar, Available from: http://www.globalnewlightofmyanmar.com/occupational-safety-and-health-in-myanmar/, [accessed date 13 February 2017]

၂၂။ ဂျာမနီနိုင်ငံမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးရန်ပုံငွေအဖွဲ့ဖြစ်သော (Vision Zero Fund -VZF) က မြန်မာနိုင်ငံ၏ အလုပ်သမားများနှင့်ပတ်သက်သည့် ကဏ္ဍများတွင် အထောက်အပံ့များပေးရန် စတင်ဆောင်ရွက်လျက် ရှိပါ သည်။ VZF အဖွဲ့၏ အထောက်အပံ့ များကို မြန်မာနိုင်ငံ၌ စီမံကိန်း တစ်ရပ် ချမှတ် အကောင်အထည်ဖော်ရာတွင် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် အစိုးရတို့ပါဝင်သည့် သုံးပွင့်ဆိုင်ကော်မတီအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များအလိုက် အကဲဖြတ် ကြီးကြပ်မှုများလည်း ပါရှိသွားမည် ဖြစ်ပါ သည်။ VZF အဖွဲ့သည် ကမ္ဘာ့ထိပ်သီး ဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံဖြင့် ထူထောင်ထားပါ သည်။[14]

## စင်ကာပူနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ

၂၃။ စင်ကာပူပါလီမန်သည် ၂၀၁၁ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်းကို အတည်ပြုခဲ့ပါသည်။ ၂၀၁၁ခုနှစ် စက်တင်ဘာလမှစ၍ ယင်းဥပဒေသည်အကျိုးသက်ရောက်ခဲ့ပါသည်။ ယင်းဥပဒေတွင် အလုပ်ခွင်အမျိုးအစားနှင့် စက်ရုံအမျိုးအစားများ ပို၍ပြည့်စုံစွာပါဝင်လာပြီး တာဝန်ဝတ္တရားများပို၍ကျယ်ပြန့်လာခဲ့ပါ သည်။

၂၄။ ယင်းဥပဒေအား ၂၀၀၆ခုနှစ်မှစ၍ ဥပဒေရေးရာမူဘောင်ကို ပြင်ဆင်တည်းဖြတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံရှိအလုပ်သမားများအတွက် အလုပ်ခွင်တွင်ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်ကာကွယ်မှုမြှင့်တင်ရေးအား ခေတ်နှင့်လိုက်လျောညီထွေစွာ ပြင်ဆင်ရန်နှင့်ကျင့်သုံးရန်အတွက် ရေးဆွဲခဲ့ပါသည်။

၂၅။ ယခင်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးသည် အလုပ်ခွင်နေရာတိုင်းရှိ အလုပ်သမားများအပေါ် အကျိုးသက်ရောက်မှုမရှိခဲ့သဖြင့် ယခုယင်းဥပဒေကြမ်းအား ပြဋ္ဌာန်းပြီးနောက် အလုပ်ရှင်များ(Employers)အနေဖြင့် ၎င်းဥပဒေတွင် ပါဝင်သော တာဝန်

[14] Myawady, VZF အဖွဲ့က မြန်မာနိုင်ငံ အလုပ်သမား များနှင့် ပတ်သက်သည့် ကဏ္ဍများတွင် အထောက်အပံ့ ပေးရန် ဆောင်ရွက်လျက်ရှိ, ၂၇-၆-၂၀၁၆ Available from: http://myawady-myawady.blogspot.com/2016/06/vzf.html[accessed date 13 February 2017]

ဝတ္တရားများအား အဆင့်လိုက်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုတာဝန်ဝတ္တရားများကို ဂရုပြုပြီးစဉ်းစား ဆင်ခြင်ဆုံးဖြတ်ရန်လိုအပ်လာပါလိမ့်မည်။

၂၆။ ဥပဒေမူဘောင်အသစ်တွင် အထွေထွေတာဝန်ဝတ္တရားများအား ဂရုစိုက်ရန်ထည့်သွင်းထား ပါသည်။ အလုပ်ရှင်များနှင့် သက်ဆိုင်သည့်တာဝန်ရှိသူများသည် တာဝန်ဝတ္တရားများအား ပေါ့ဆ ခြင်း (သို့မဟုတ်) ဂရုမစိုက်ခြင်းပြုလုပ်ခဲ့ပါက ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်ပြစ်မှုအဖြစ် အကျိုးသက်ရောက်သွားနိုင်ပါသည်။

၂၇။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေသည် ၂၀၀၈ ခုနှစ်တွင် ပြင်ဆင်ခဲ့သော စက်ရုံများဥပဒေကို အစားထိုးရေးဆွဲခဲ့ခြင်းဖြစ်ပြီး ကဏ္ဍအလိုက် ပိုမိုကျယ်ပြန့် သော အပိုင်းများထည့်သွင်းဖြည့်စွက်ထားပါသည်။ ယင်းဥပဒေနှင့်စပ်လျဉ်း၍-

**(က) ဥပဒေရေးရာမူဘောင်။** ဥပဒေအသစ်ကို မိတ်ဆက်ရာတွင် အဆင့်လိုက် ပြောင်းလဲဆောင်ရွက်ရန်နှင့် အလုပ်ရှင်များအနေဖြင့် အချိန်ယူ၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ထားပါသည်။ ဥပဒေအသစ်၏မူဘောင်သည် အောက်ပါ အခြေခံမူ (၃) ချက်အပေါ်အခြေခံထားကြောင်း သိရပါသည်-

(၁) အလုပ်ခွင်အတွင်းရှိ အန္တရာယ်ဖြစ်စေနိုင်သော အရာများအား လျော့ချရန်၊

(၂) စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များမှ အလုပ်ခွင်အတွင်းတွင် ဘေးအန္တရာယ်ကင်း ရှင်းရေးနှင့်ကျန်းမာရေးအတွက် ဆောင်ရွက်ပေးရန်၊

(၃) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အားနည်းသောစီမံခန့်ခွဲမှုများကြောင့် မတော်တဆဖြစ်စေနိုင်သည့် အကြောင်းကိစ္စများကို ကာကွယ်ရန်။

**(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ၏ရည်ရွယ်ချက်။** ယင်းဥပဒေတွင် အလုပ်သမားများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ပျက်ကွက်မှု ကြောင့် အလုပ်သမားများနှင့်အခြားပုဂ္ဂိုလ်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးသည် ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ယင်းဥပဒေသည် အလုပ်ရှင် ကဲ့သို့သော အဓိကတာဝန်ရှိသူများသည် စိတ်ချရသော စီမံခန့်ခွဲမှုစနစ်အား ခိုင်ခန့်

တောင့်တင်းရန် ဖော်ဆောင်ခြင်းဖြင့် ၎င်းတို့တာဝန်များကို သတိထားလာရန်နှင့် အန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေခံမှုများအား အကဲဖြတ်ထိန်းချုပ်ရန် ရည်ရွယ်ပါသည်။

(ဂ) **လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၏ပြင်ဆင်ချက်အကျဉ်းချုပ်။** ယင်းဥပဒေ၏ ပြင်ဆင်ချက်အကျဉ်းချုပ်မှာ

(၁) ၂ဝ၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအရ လုပ်ငန်းခွင်နေရာအားလုံးသည် အကျုံးဝင်ပါသည်။ ရုံးများနှင့်စက်မှုဆိုင်ရာ လုပ်ငန်းခွင်မဟုတ်သောနေရာများဖြစ်သည့် ဥဏာလုပ်ငန်းများလည်း ကျင့်သုံးဆောင်ရွက်ရပါမည်။

(၂) ယခင်ဥပဒေအရ အလုပ်ခွင်ဆိုသည့်စကားရပ်သည် စက်ရုံများသာ အကျုံးဝင်သော်လည်း ဥပဒေသစ်တွင် စက်ရုံ၏အဓိပ္ပါယ်မှာ ပို၍အန္တရာယ်ရှိသော အလုပ်ခွင်ဖြစ်ကြောင်း ပြင်ဆင်ညွှန်းဆိုထားပြီး စက်ရုံများအပါအဝင်လုပ်ငန်းခွင်အားလုံး အကျုံးဝင်ပါသည်။

(၃) ယင်းဥပဒေတွင် ပွဲစားများ(စီးပွားရေးဆိုင်ရာကိစ္စအတွက်ကိုယ်စားလှယ်) အတွက် ကန်ထရိုက်တာများနှင့်ဆက်ဆံရန် တာဝန်အသစ်များပြဋ္ဌာန်းထားပါသည်။ ဥပမာ- အလုပ်သမားများသည် အလုပ်ရှင်နှင့် တိုက်ရိုက်ဆက်ဆံရခြင်းမျိုးမဟုတ်ဘဲ ပွဲစားများဖြင့် ဆက်ဆံရပါ သည်။ အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးမျိုးမဟုတ်သော ပြင်ပဆက်ဆံရခြင်းမျိုးဖြစ်ပါသည်။ ပွဲစားများသည် လက်တွေ့ကျ၍ အကြောင်းပြချက် ခိုင်လုံသည့် လုပ်ဆောင်ချက်ဖြင့် အတိုင်းအတာတစ်ခုအထိ တာဝန်ယူရပါမည်။ ၎င်းတို့သည် ကန်ထရိုက်တာမှအလုပ်သမားများနှင့်ဆက်ဆံရန်တာဝန်ပေးထားကြောင်း ခိုင်မာသည့်အာမခံချက် ပေးရမည်ဖြစ်ပြီး အောက်ပါတာဝန်များကို ရှိမည်ဖြစ်ပါသည်-

(ကက) ပွဲစားသည် မိမိတာဝန်ယူဆောင်ရွက်ပေးသော ကန်ထရိုက်တာ၏ လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သော ကျွမ်းကျင်မှုရှိရမည်။ မိမိတာဝန်ယူ ဆောင်ရွက်ပေးသော ကန်ထရိုက်နှင့်ကန်ထရိုက်၏အလုပ်သမားများသည် လိုအပ်သော ကျွမ်းကျင်မှုရှိခြင်းနှင့် လုပ်ငန်းလိုင်စင်ရှိခြင်း စသည်ဖြင့်သေချာရန် လိုအပ်ပါ သည်။

(ခခ ) ပွဲစားသည် တိကျသောဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများရှိရန်၊ ကန်ထရိုက် သို့မဟုတ် ကန်ထရိုက်မှခန့်အပ်ထားသောအလုပ်သမားမှ လုပ်ဆောင်နေသည့်လုပ်ငန်းစဉ်၊ လုပ်ဆောင် မည့်လုပ်ငန်းစဉ်နှင့် ပတ်သက်သော စက်ရုံများ၊ ပစ္စည်းကိရိယာများ၊ ယန္တရားများသည် တိကျသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ကာကွယ်မှုများရှိရမည်။ ပွဲစားများသည် ထိုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အန္တရာယ်ရှိနိုင်မှုအခြေအနေနှင့် လုပ်ငန်း၏ သဘောသဘာဝအန္တရာယ်ရှိမှုများအား အလုပ်သမားများအား ကြိုတင်သတိပေးပြောကြားရပါ မည်။

(၄) ပွဲစားအနေဖြင့် ကန်ထရိုက်တာတစ်ယောက်နှင့် တိုက်ရိုက်လုပ်ဆောင်သူဖြစ်စေ၊ တိုက်ရိုက်လုပ်ဆောင်ခြင်းမရှိသူဖြစ်စေ အထက်ပါ တာဝန်ဝတ္တရားများကိုလိုက်နာရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစာချုပ်တွင် ထပ်မံဖော်ပြထားသည်မှာ ကန်ထရိုက်တာဖြင့် ချုပ်ဆိုထားသည့် သက်ဆိုင်ရာစာချုပ်တွင် ဖော်ပြရုံနှင့်မလုံလောက်ကြောင်း၊ ပွဲစားအနေဖြင့်အထက်ပါတာဝန်များကို လိုက်နာရန်လိုအပ်ကြောင်းဖော်ပြထားပါသည်။

(၅) ထိုတာဝန်ဝတ္တရားများအားချိုးဖောက်ပါက လူပုဂ္ဂိုလ်ဖြစ်ပါက စင်ကာပူဒေါ်လာ ၂ သိန်းနှင့်ထောင်ဒဏ် ၂ နှစ်အထိလည်းကောင်း၊ စင်ကာပူ

ဒေါ်လာ ၂ သိန်း သို့မဟုတ် ထောင်ဒဏ် ၂ နှစ်အထိလည်းကောင်း၊ ကုမ္ပဏီဖြစ်လျှင် စင်ကာပူဒေါ်လာ ၅ သိန်းအထိလည်းကောင်း ပြစ်ဒဏ်ချမှတ်ခံရမည်။

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအသစ်တွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေါ့ဆစွာလုပ်ဆောင်မှုကြောင့် မိမိတို့ကိုယ်တိုင်အပါအဝင်အခြားသူများကို လုံခြုံရေးနှင့်ကျန်းမာရေးအရ ထိခိုက်စေပါကပြစ်မှုမြောက်သည် ဟုဖော်ပြထားပါ သည်။ ပြစ်ဒဏ်အဖြစ် စင်ကာပူဒေါ်လာ ၃ သောင်းအထိနှင့်ထောင်ဒဏ် ၂ နှစ်အထိပြစ်ဒဏ်ကျခံရမည် သို့မဟုတ် စင်ကာပူဒေါ်လာ ၃ သောင်းအထိ သို့မဟုတ် ထောင်ဒဏ် ၂ နှစ်အထိပြစ်ဒဏ်ကျခံရပါ မည်။ ယင်းဥပဒေတွင် အလုပ်ခွင်၌ မည်သူတစ်ဦးတစ်ယောက်မဆို အလုပ်သမားများအပါအဝင် ပေါ့ဆမှုကို ကျူးလွန်လျှင် တရားစွဲဆိုနိုင်ခွင့်ရှိပါ သည်။ ယခင်ဥပဒေမှာ အလုပ်သမားများအနေဖြင့် ထိုကဲ့သို့သော ပေါ့ဆမှုကိုကျူးလွန်လွင် ပြစ်မှုဆိုင်ရာ ဥပဒေအရသာ တရားစွဲဆိုနိုင်ခဲ့ပါ သည်။

(၇) အသစ်ရေးဆွဲလိုက်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေသည် လုပ်ငန်းခွင်အားလုံးကို အကျုံးဝင်သွားပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ကို ပိုမိုကျယ်ပြန့်သွားစေခဲ့ပါသည်။ စင်ကာပူနိုင်ငံ၏လူ့စွမ်းအားဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်သည် လုပ်ငန်းခွင်အတွင်းတွင် ဓာတုဗေဒဆိုင်ရာ သို့မဟုတ် ဇီဝဗေဒဆိုင်ရာ အန္တရာယ်များကျရောက်ဖြစ်ပေါ်ပါ က လုပ်ငန်းခွင်တွင် ဥပဒေကြောင်းအရ တရားဝင်စုံစမ်းစစ်ဆေးပိုင်ခွင့်ရှိလာမည်ဖြစ်ပါသည်။

**(ဃ) အလုပ်ရှင်များနှင့် အခြားသူများအတွက် သွယ်ဝိုက်သော ပြဋ္ဌာန်းချက်များ။**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၏ ပြဋ္ဌာန်းချက်အားလုံးသည် အလုပ်ခွင်နေရာအားလုံးအနေဖြင့် ပြဋ္ဌာန်းချက်အားလုံးကို လိုက်နာ

လုပ်ဆောင်ရမည် မဟုတ်ပါ။ လုံခြုံရေးနှင့်ကျန်းမာရေးဆိုင်ရာအရာရှိများ၊ စေ့စပ်ညှိနှိုင်းသူများ၊ ကော်မတီများ၊ စာရင်းစစ်များ၏ လိုအပ်ချက်များသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်း အတွက်သာ သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် လုပ်ထုံးလုပ်နည်းအရသာ လိုအပ်ပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းခွင်အားလုံးသည် ယခင်ဥပဒေတွင် အကြုံးမဝင်ခဲ့သော်လည်း ယခုဥပဒေတွင် ၎င်းတို့၏တာဝန်ဝတ္တရားများကိုသတိထားလာရပါမည်။ အထူးသဖြင့်

(၁) မည်သည့်လုပ်ငန်းခွင်မဆို ပိုင်ရှင်များ(Occupier)သည် လက်တွေ့ဖြစ်သင့်ဖြစ်ထိုက်သည့် အခြေအနေထိ တာဝန်ရှိသူဖြစ်သည်။ လုပ်ငန်းခွင်တွင် မည်သည့်ပုဂ္ဂိုလ်မဆို အလုပ်ခွင် အဝန်းအဝိုင်းအတွင်း ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရန်အတွက် ပိုင်ရှင်သည် တာဝန်ရှိပါသည်။ ထိုပုဂ္ဂိုလ်သည် ပိုင်ရှင်၏ အလုပ်သမားဖြစ်စေ၊ အလုပ်သမားမဟုတ်သူဖြစ်စေ အန္တရာယ်ကင်းရှင်းရမည်။ အလုပ်သမားဖြစ်လျှင် အလုပ်လုပ်နေချိန်ဖြစ်စေ နားနေချိန်ဖြစ်စေ အန္တရာယ်ကင်းရှင်းရပါ မည်။

(၂) အလုပ်ရှင်များ(Employer)သည် အလုပ်ခွင်ရှိ၎င်းတို့၏ အလုပ်သမားများနှင့် အလုပ်ရှင်မှ တာဝန်ပေးအပ်မှုကြောင့် ရောက်ရှိနေသောပုဂ္ဂိုလ်များအားအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး အတွက်လိုအပ်ကြောင်းနှင့် တာဝန်ရှိကြောင်း သိရှိပြီး လက်တွေ့ကျ၍ခိုင်လုံသော အကြောင်းပြချက်အတွင်း အဖြစ်နိုင်ဆုံးဆောင်ရွက်ထားရမည်။

(၃) ပွဲစားများသည်လည်း လက်တွေ့ကျပြီး အကျိုးအကြောင်း ခိုင်လုံသည့်အတိုင်းအတာအထိ လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံရေးအတွက် တာဝန်ရှိပါသည်။ ၎င်းတို့နှင့်ပတ်သက်နေသော တိုက်ရိုက်ကန်ထရိုက်တာများ၊ သွယ်ဝိုက်ကန်ထရိုက်တာများ၊ ထိုပုဂ္ဂိုလ်များ၏ တစ်ဆင့်ခံ ကန်ထရိုက်

တာများ၊ထိုကန်ထရိုက်တာ တစ်ဆင့်ခံကန်ထရိုက်တာများ၏ ဝန်ထမ်းများ နှင့်ဆိုင်သော လုပ်ငန်းခွင်အားလုံးအတွက်တာဝန်ရှိပါသည်။

(၄) စီးပွားရေးလုပ်ငန်းများမှ သဘောပေါက်နားလည်ထားရမည်မှာ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးအနေဖြင့် တိုက်ရိုက်တာဝန်ရှိခြင်းမျိုးသာမကဘဲ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် ၎င်းတို့ဝန်ထမ်း များ၏ လုပ်ဆောင်ချက်များသည် ဥပဒေမှာဖော်ပြထားမှုနှင့် ကိုက်ညီမှုမရှိ လျှင် စီးပွားရေးလုပ်ငန်းများတွင်လည်း တာဝန်ရှိပါသည်။[15]

**ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

၂၈။ ဂျပန်နိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြင်ဆင်ခဲ့သော စက်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေအရ အလုပ်ရှင်များသည် စက်ရုံများတွင် ပုံမှန် အလုပ်လုပ်နေသော အလုပ်သမား ၅၀ ဦး သို့မဟုတ် ထိုအရေအတွက်ထက်ပိုသည့် ဦးရေရှိသည့် စက်ရုံများတွင်ရှိသော အလုပ်သမားများကို နှစ်စဉ် စိတ်ဖိစီးမှုအား စစ်ဆေးရန် တိုက်တွန်းရမည်။ နိုင်ငံရပ်ခြားရုံးများတွင် အလုပ်လုပ်နေသူများကို ယာယီအဆင့် ဝန်ထမ်းများအဖြစ် ထည့်သွင်း ထားရမည်။ ပုံမှန် အလုပ်သမားအရေအတွက် ၅၀ ထက်နည်းသော လုပ်ငန်းခွင်များရှိ အလုပ် သမားများကို စိတ်ဖိစီးမှုဆိုင်ရာဆေးစစ်မှုများကို မလုပ်မနေရ ဟုသတ်မှတ်ထားခြင်းမရှိသော် လည်း ပြုလုပ်ရန် တိုက်တွန်းရပါမည်။ ယင်းဥပဒေနှင့်စပ်လျဉ်း၍

(က) **ဥပဒေပြင်ဆင်ရခြင်း၏ရည်ရွယ်ချက်။** ယင်းဥပဒေပြင်ဆင်ရခြင်း၏ရည်ရွယ် ချက်မှာအလုပ်တာဝန်ဝတ္တရားများဆောင်ရွက်နေချိန်တွင်စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ချွတ်ယွင်းမှုဖြစ်ပေါ်ခြင်းအားကာကွယ်ရန်ဖြစ်ပါသည်။ ယင်းဥပဒေသည် အလုပ်သမား များကို စိတ်ဖိစီးမှု၏သက်ရောက်မှုကို သိရှိစေခြင်းအားဖြင့် ၎င်းတို့အား ကူညီရာ

[15] Celia Yuen and Gillian McKenzie, Lexology, Amendments to Singapore’s Workplace Safety and Health Act, July 14 2011, Available from: http://www.lexology.com/library/detail.aspx?g=3950cabd-67f9-4e9a-8c77-9d16380e3f8a/ [accessed date 10 February 2017]

ရောက်ပါသည်။ အချက်အလက်များကို စုစည်း၍ ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်သဖြင့် အလုပ်ခွင်တိုးတက်မှုရှိပြီး အလုပ်ရှင်များကိုလည်း အကျိုးရှိစေပါသည်။

(ခ) **ကျန်းမာမှုကော်မတီ။** စက်မှုလုပ်ငန်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၏ ပုဒ်မ ၁၈ တွင် အလုပ်ရှင်များမှ ကျန်းမာမှုကော်မတီ တည်ထောင်ရန်လိုအပ်ပါသည်။ ထိုကော်မတီသည် စိတ်ဖိစီးမှုစစ်ဆေးရေးစနစ်ကို မိတ်ဆက်ပြီး ကြီးကြပ်ဆောင်ရွက်ရန်နှင့် စမ်းသပ်မှုများ လုပ်ဆောင်ရန်အတွက် စီစဉ်ရန်တို့ကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) **စိတ်ဖိစီးမှုစစ်ဆေးရေးစနစ်။** ယင်းစနစ်နှင့်စပ်လျဉ်း၍

(၁) ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမား အလုပ်အကိုင်ရရှိရေးနှင့် လူမှုဘဝဖူလုံရေးဝန်ကြီးဌာနက စက်ရုံအလုပ်ရုံများတွင် စိတ်ဖိစီးမှုစစ်ဆေးရေးစနစ်ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း လုပ်ဆောင်ရန် ညွှန်ကြားထားပါသည်-

(ကက) အလုပ်သမားများသည် စိတ်ဖိစီးမှုစမ်းသပ်ခြင်းကို ဆရာဝန်များ၊ ပြည်သူ့ ကျန်းမာရေး သူနာပြုများ၏ စစ်ဆေးကြီးကြပ်ခြင်းမှုအား ခံယူရန်၊

(ခခ) ရလဒ်ကို အလုပ်သမားများထံသို့ တိုက်ရိုက်ပေးပို့ရန်၊

(ဂဂ) စိတ်ဖိစီးမှုများ စမ်းသပ်ခြင်းအား တာဝန်ခံဆောင်ရွက်သူသည် စိတ်ဖိစီးမှုမြင့်မားစွာ သက်ရောက်နေသူကိုတွေ့လျှင် ဆရာဝန်နှင့် တွေ့ဆုံပေးရန်၊

(ဃဃ) အလုပ်ရှင်အား အလုပ်သမားတစ်ယောက်ယောက်မှ ဆရာဝန်နှင့် တွေ့ဆုံဆွေးနွေးရန် စာရေးသား၍တောင်းဆိုပါက ၎င်းသည် စီစဉ်ပေးရပါ မည်၊

(ငင) ဆရာဝန်၊ အလုပ်ရှင်နှင့်အလုပ်သမားတို့သည် တွေ့ဆုံဆွေးနွေးမှုပြီးနောက် လိုအပ်သော ပြုပြင်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရ

ပါ မည်။ (ဥပမာ- အလုပ်ချိန်လျော့ချခြင်း (သို့မဟုတ်) အလုပ်ခွင်နေရာပြောင်းရွှေ့ခြင်း (သို့မဟုတ်) အလုပ်တာဝန်ဝတ္တရားများပြောင်းလဲခြင်း)

(၂) အလုပ်ရှင်သည် စိတ်ဖိစီးမှုအားစစ်ဆေးရန်အတွက် အောက်ပါတို့ကို ရွေးချယ်၍ အသုံးပြုရမည်-

(ကက) စိတ်ဖိစီးမှုအား ကွန်ပျူတာဆော့ဝဲလ်ဖြင့်စစ်ဆေးခြင်း၊

(ခခ) စိတ်ဖိစီးမှုအား နောက်ထပ်ပုံစံဖြင့် စမ်းသပ်စစ်ဆေးခြင်း၊

(ဂဂ) ဝန်ကြီးဌာနမှသတ်မှတ်ထားသော မေးခွန်းများ ပုံစံတစ်စုံ။

(၃) စိတ်ဖိစီးခြင်းစမ်းသပ်မှုရလဒ်အား လျှို့ဝှက်ထားရမည်ဖြစ်ပြီး အလုပ်ရှင်ကို ထုတ်ဖော်မပြောဆိုမီ အလုပ်သမား၏သဘောတူညီချက်ရရှိရန် လိုအပ်ပါသည်။ ဆရာဝန်နှင့်တွေ့ဆုံရန်တောင်းဆိုခြင်းအတွက် အလုပ်ရှင်တစ်ဦးသည် အလုပ်သမားတစ်ဦးအား မသင့်လျော်သောပုံစံဖြင့် မဆက်ဆံရပါ ။ ထိုကဲ့သို့ အလုပ်သမားအနေဖြင့် ဆရာဝန်နှင့်တွေ့ဆုံရန်တောင်းဆိုခြင်းသည် ၎င်း၏ဆေးစစ်ချက်အစီရင်ခံစာကို အလုပ်ရှင်ထံအသိပေးရန်သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူရပါမည်။

**(ဃ) အလုပ်ရှင်များ ဆောင်ရွက်ရမည့် အချက်များ။** ဂျပန်နိုင်ငံသားအလုပ်ရှင်များမှ လုပ်ဆောင်ရမည့် အချက်များမှာ-

(၁) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှ အလုပ်ရှင်အားလုံးသည် ပုံမှန်အားဖြင့် အရေအတွက် ၅၀ ဦးထက်ပိုသော စက်ရုံများတွင် အလုပ်လုပ်နေသော အလုပ်သမားများအား နှစ်စဉ်စိတ်ဖိစီးမှုစစ်ဆေးရန် အလုပ်သမားများအား တိုက်တွန်းရပါ မည်။ စိတ်ဖိစီးမှုစစ်ဆေးခြင်း ဆော့ဝဲလ်အား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ နောက်ပိုင်းတွင် အွန်လိုင်းမှ အခမဲ့ကူးယူ၍ရရှိပါ မည်။

(၂) စိတ်ဖိစီးမှုစစ်ဆေးမှုလုပ်ဆောင်ပြီးနောက် အလုပ်ရှင်သည် ၎င်းအလုပ်သမား၏ အခြေအနေကို ဝန်ကြီးရုံးသို့ အစီရင်ခံစာရေး၍ တင်ပြရမည်။ ထို

အစီရင်ခံစာအတွက်ပုံစံကို ဝန်ကြီးရုံးမှ ၂၀၁၅ ခုနှစ် ထက်နောက်မကျ စေဘဲ ထုတ်ပြန်ရမည်။

(၃) ဆေးစစ်ဆေးချက်အား သတင်းပို့ရန် မလိုက်နာသော အလုပ်ရှင်သည် ပြစ်ဒဏ်ကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ [16]

**(င) စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အကဲဖြတ်တိုင်းတာမှု။** ဂျပန်နိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအဖွဲ့ သည် ဘေးအန္တရာယ်အကဲဖြတ်ခြင်းနည်းလမ်းကို သိရှိစေရန် အဓိကထောက်ပံ့ပေး လျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုနှင့်ကျန်းမာမှုစနစ်ကို တည်ထောင် ထားပါသည်။ စက်ပစ္စည်းများ အသုံးပြုသော အလုပ်ရှင်များအတွက် ဂျပန်နိုင်ငံ ၏ဥပဒေအရ အလုပ်ခွင်တွင် စက်မှုလုပ်ငန်းဆိုင်ရာ လုံခြုံစိတ်ချရမှုနှင့် ကျန်းမာမှု အတွက် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ပြီး ဖြစ်ရပါ မည်။ အလုပ်သမား များသည် အလုပ်ရှင်များမှ လုပ်ဆောင်သော ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုများကို လုပ်ဆောင်ရန်တာဝန်ရှိပါသည်။ ဘေးအန္တရာယ်ကင်းရှင်း ရေးအကဲဖြတ်မှုနည်းပညာအား ဂျပန်စက်မှုဆိုင်ရာစံနှုန်းတွင် ဖော်ပြထားပါသည်။ ၎င်းအချက်များသည် နိုင်ငံတကာအဆင့်အတန်းနှင့်ညီညွတ်အောင်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ဘေးအန္တရာယ်အကဲဖြတ်မှုနည်းပညာသည် ဓာတုဗေဒဆိုင်ရာ ပစ္စည်း များ အသုံးပြုရသည့်စက်ရုံများတွင် မလုပ်မနေရဖြစ်ပြီး အခြားသောစက်ရုံများ၌ ဆောင်ရွက်ရန် မလိုအပ်သေးပါ။[17]

## နိဂုံး

၂၉။ မြန်မာနိုင်ငံသည် အခြေခံလူတန်းစားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး နှင့်ကျန်းမာရေးသင်တန်းများ ပို၍ဆောင်ရွက်ရပါဦးမည်။ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် လုံခြုံစိတ်ချရမှုနှင့် ကျန်းမာမှုကွန်ယက်မှ ကျွမ်းကျင်သူပညာရှင်နှင့် နည်းပညာအထောက်အပံ့

[16] Herbert Smith Freehills LLP - Peter Godwin, Karen Ip, Chinnawat Thongpakdee, Gareth Thomas, Gillian McKenzie and Fatim Jumabhoy, Lexology, Japan: employers to offer stress checks to workers , July 21 2015, Available from: http://www.lexology.com/library/detail.aspx?g=04bb2468-1d39-4ba2-831c-c28ea9d58837/ [accessed date 7 February 017]
[17] PILZ, Laws and standards in Japan Jul 18, 2016
Available from: https://www.pilz.com/en-INT/company/news/articles/083614/ [accessed date 17 February 2017]

များ၊ (International Labour Organization-ILO) နှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များသည် လုပ်ငန်းခွင်ဘေးအန္တရာယ် လုံခြုံစိတ်ချရမှုနှင့် ကျန်းမာမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည်၌ ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးပါသည်။

၃၀။ လုပ်ငန်းခွင်နှင့် ကျန်းမာရေးဆက်စပ်မှုသဘောတရားများနှင့် သုတေသနပြုမှုများ များစွာပြုလုပ်ရန်လိုအပ်နေပါသေးသည်။ လုပ်ငန်းခွင်အန္တရာယ်များမှာ ရုပ်ဝတ္ထုအန္တရာယ်၊ ဓါတုအန္တရာယ်၊ စက်မှုအန္တရာယ်၊ ဇီဝအန္တရာယ်နှင့်စိတ်ပိုင်းဆိုင်ရာအန္တရာယ် ဟူ၍ပါဝင်နေပါသည်။ အလုပ်သမားများတွင်ဖြစ်ပေါ်သော ဝေဒနာနှင့်ရောဂါများသည် လုပ်ငန်းခွင်နှင့်ဆက်စပ်နေပြီး ရေရှည်ဖြစ်ပွားတတ်သောရောဂါများဖြစ်ပါသည်။

၃၁။ လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေးပစ္စည်းများပြည့်စုံလုံလောက်စွာထုတ်ဝေပေးပြီး ထိရောက်စွာ နှင့်အကျိုးရှိရှိသုံးစွဲရန်လိုအပ်ပါသည်။ ကျန်းမာရေးစစ်ဆေးခြင်းကို လုပ်ငန်းခွင်မဝင်မီ တိတိကျကျစစ်ဆေးပြီး ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရေးကိုအလေးပေးရန်လိုအပ်ပါသည်။

၃၂။ မြန်မာနိုင်ငံတွင် စက်မှုဆိုင်ရာလုပ်ငန်းများလုပ်ဆောင်နေသောဝန်ကြီးဌာနများမှ တာဝန်ရှိသူများအတွက်လည်းကောင်း၊ အဖွဲ့အစည်းများမှ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက်လည်းကောင်း လုပ်ငန်းခွင်ဘေးအန္တရာယ် လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုအတွက် ရှုဒေါင့်မျိုးစုံဖြင့်ဖွင့်လှစ်ပေးနေသော သင်တန်းများသည် ၎င်းတို့ သတိပြုမိစေရန်လည်းကောင်း၊ လက်တွေ့ကျင့်သုံးရန်လည်းကောင်း အထောက်အပံ့ဖြစ်ပါလိမ့်မည်။

၃၃။ သို့ဖြစ်ပါ၍ လုံခြုံရေးဆိုင်ရာအင်ဂျင်နီယာများ၊ လုပ်ငန်းခွင်ဆိုင်ရာသန့်ရှင်းရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်မည့်အခြေအနေကို အကဲဖြတ်နိုင်သော ကျွမ်းကျင်မှု တတ်မြောက်သူနှင့် အဆင့်မြင့်သောပညာရှင်များဖြစ်ရန် ပြည်တွင်းမှာပညာသင်ပေးရုံတင်မက ပြည်ပသို့စေလွှတ်သင့်ပါကစေလွှတ်ရပါ မည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုနှင့်ကျန်းမာမှုဥပဒေကို ထိထိရောက်ရောက် ဖြစ်ရန် အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅